# မြပုလဲသွင်

ချစ်ခရီးကြား




AUNGMAUNGTHIKE

(၁)

'မမရယ်...'

အိပ်မက်ဆိုးက လွတ်မြောက်လာသည့်တိုင် စိုးရိမ်စိတ်က မပြယ်သေး။ ရင်၌ လွမ်းမောလျက်၊ တမ်းတမိလျက်။

'မမရယ်'

ဂွမ်းစောင်အောက်မှ ရုန်းထွက်လိုက်သည် ။ ဇောချွေးများက ကချင်ပြည်နယ်၏ ဆောင်းကို အန်တုထားဆဲ၊ စိတ်သည် မွန်းကျပ်နေ၏ ။

ပြတင်းပေါက်ကို ဖွင့်လိုက်သည် ။ လေအေးအပြေးသမားတို့ က အတင်းတိုးဝှေ့ တိုက်ခတ်လာသည် ။ ဆောင်းလေအေးအေးစိမ့်စိမ့်။ နှင်းပိန်းပိန်း၊ သစ်ပင်ကြီးများ မြင့်မြင့်မားမား၊ နေခြည် မပွင့်တပွင့်၊ အမြင်တို့ က ဝိုးတိုးဝါးတား။

'မောင်မောင်... မောင်မောင်...'

အိပ်မက်ထဲ၌ သေလုမြောပါး ပြေးလွှားရင်း အော်ဟစ်နေသော မမ၏ အသံနက်ကြီးသည် သူ့နားထဲတွင် ပဲ့တင်ထပ်နေသည် ။

'မောင်မောင်'

'မောင်မောင်'

‘မောင်မောင်’

ခေါ်သံက ပီပီပြင်ပြင်၊ ရင်တဒိန်းဒိန်း ခုန်လာသည် ။

မျက်လုံးက အားကုန်ဖွင့်ကြည့်လိုက်သည် ။ တွေ့ရပြီ။ နှင်းထု အလွှာကို တိုးဖောက်ပြေးလွှားလာသော သဏ္ဌာန်တစ်ခု တွေ့မြင်လိုက်ရသည် ။ မမလေလား။

‘မောင်မောင်’

လက်တစ်ဖက် ဝှေ့ယမ်းကာ သူ့အား ခေါ်လိုက်သည် ။ ဟုတ်ပြီ။ သူ့အစ်မမှ သူ့အစ်မအစစ်။ ဝမ်းသာအားရသဖြင့် ပြတင်းပေါက်မှ ခုန်ချကာ မမထံသို့ တစ်ဟု န်ထိုးပြေးခဲ့သည် ။

‘မမ...မမ တကယ် လာပြီဟေ့၊ နော်ရဲဂျာ ငါ့အစ်မ လာပြီ’

ဝမ်းသာအားရ ဟစ်အော်ကာ အိမ်ထဲမှ နော်ရဲဂျာကိုလည်း သူ ခေါ်လိုက်မိသည် ။ ကလေးတစ်ဦးကဲ့သို့ မမထံပြေးသွားပြီး ပွေ့ဖက်လိုက်သည် ။

‘မမ... ဟတ်ဟာ့... မမ... တကယ်လာတယ်၊ မောင်မောင့်ဆီ တကယ်လာတယ်’

‘မောင်မောင်’..... မောင်မောင်’

သူက ဝမ်းသာအားရ အူမြူး ရယ်မော်နေသော်လည်း သူ့မမက သူ့ရင်ခွင်၌ မျက်နှာအပ်ကာ ငိုသည် ။

‘ဟာ့...ဟာ ဘယ်လိုကြီးလဲ၊ ဒါငိုစရာလား"

မမမျက်နှာ ဆွဲမော့ကာ မျက်ရည်သုတ်ပေးတော့ မမက မချိပြုံးလေး ပြုံးသည် ။ သူ စ ချင်လာသည် ။

‘ဘာလဲ ရန်ကုန်မှာ မမအဆက် ကျန်ခဲ့လို့ ငိုတာလားဗျ’

‘သွား… နင့်ကြီးတော်’

‘နင့်ကြီးတော် မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော့် ယောက်ဖကို ပြောတာ၊ ကျန်ခဲ့လို့ လား မေးလာဗျ’

‘ခွေးစုတ်’

မမက နှုတ်ခမ်းစူကာ သူ့ရင်ဘတ်ကို ဆောင့်တွန်းပြီး အိမ်ဆီသို့ ပြေးသွားသည်။

‘ဟတ်ဟာ့… အနာပေါ် တုတ်ကျသွားပြီဟေ့’

စ ပြောင် ရယ်မောရင်း အပြေးအလွှား ရောက်လာသော နော်ရဲဂျာနှင့်အတူ မမ ချထားခဲ့သည့် ပစ္စည်း အထုပ် အပိုးများကို ကောက်ကိုင်လိုက်သည်။

‘မမက ဓာတ်ပုံမှာ ထက်တောင် လှတယ်’

‘ငါနဲ့ တူတာကိုးကွ’

ဟားတိုက်ရယ်မောလိုက်ကြသည်။ စောစောက အိပ်မက်ဆိုးကြောင့် နုံးခွေနေသော စိတ်တို့သည် မိုးဆန်းပန်းနှယ် လန်းဆန်းသွားသည်။ မောင်ဖြစ်သူက ကျော် ပြင်ဆင်ပေးထားသော လက်ဖက်ရည်ပွဲကို ကျော့က တို့ ကနန်း ဆိတ်ကနန်း စားနေမိသည်။ ကျော့ရင်ထဲ တင်းကျပ်နေသည်။ မစားချင်။ ကျော် စိတ်မကောင်းမှာ စိုးသဖြင့် ဟန်လုပ်စားနေရသည်။

‘ဘာလဲ… ပေါင်မုန့် ထောပတ်သုတ် မဟုတ်လို့ လား၊ ကောက်ညှင်းပေါင်းမှာ လဲ ဗီတာမင် အပြည့်ပါဗျ’

ကျော့ မျက်စောင်းထိုးလိုက်သည် ။ ကျော်က ပခုံးတွန့်ပြကာ ကောက်ညှင်းပေါင်းကို အားပါးတရ ဆုပ်စားလိုက်ရင်း...

'လွမ်းရှိန် မပြေသေးလို့ လား'

'ကျော်နော်'

ငိုချင်ရက်လက်တို့ ဖြစ်ကာ မျက်ရည်ဝဲလာသည် ။ ကျော်က အံ့အားသင့်ကာ...

'ဟောဗျာ'

စားလက်စ ကောက်ညှင်းလုပ် တန်းလန်း ကျော့ကို ငေးစိုက်ကြည့်မိသည် ။ ကျော့က ရှက်ကိုး ရှက်ကန်း ဟန်ဖြင့် မျက်ရည်သုတ်ကာ...

'ဒယ်ဒီ... စိတ်ဆိုးကျန်ခဲ့တာ စိတ်မကောင်းလို့ '

'ဩော်... အဘိုးကြီး စိတ်ဆိုးတယ်လား'

ကျော်၏ မျက်နှာ တင်းသွားသည် ။ ဖခင်အပေါ် နာကြည်းမှုအရှိန်က ပြယ်ဟန်မတူသေး။ ကျော့က...

'ဒယ်ဒီက သူမသိအောင် ထရန်စဖာတင်လိုက်လို့ စိတ်ဆိုးတာပါ၊ သူ့ကို အသိမပေးရ ကောင်းလား၊ လူရာမသွင်းဘူး၊ အာခံတယ်၊ ပြီးတော့ ဒီလောက် ဝေးလံတဲ့ ဒေသကို သွားရမလား ဆိုပြီး အပြစ်တင်တာ၊ ဒါပေမဲ့ အမှန်တော့ သူက မမကို မခွဲနိုင်တာ အဓိကပါ၊ သနားပါတယ်၊ မမကန်တော့တော့ ဆုတောင် မပေးနိုင်ဘူး၊ မျက်စိမျက်နှာ ပျက်ပျက်နဲ့ ထသွားတယ်'

ကျော့ရင်ထဲ တမြည့်မြည့်ဖြစ်သွားသည် ။ မိဘ၏ ရင်ငွေ့မှ ကင်းကွာခြင်း၏ ရလဒ်ကို သူ လက်တွေ့ခံစားလိုက်ရပြီ။

‘မောင်မောင် တစ်ယောက်လုံး ရှိပါတယ် မမရာ ပူမနေစမ်းပါနဲ့ ၊ မမကို မောင်မောင် တစ်သက်လုံး စောင့်ရှောက်သွားနိုင်ပါတယ်’

‘ယုံစရာကြီး၊ မိန်းမ တစ်သက်လုံးမယူဘဲ တော်က နေနိုင်မှာ လား’

နေနိုင်တယ် လောင်းကြေး၊ မမ ယောကျ်ားယူရင်တောင် မောင်မောင်က ယောက်ဖကော၊ တူ၊ တူမတွေကိုပါ လုပ်ကျွေးသွားမှာ ’

‘ချမ်းသာမှန်း သိပါတယ် သေဌေးမင်းရဲ့ ’

ကျော့က ပြုံးယောင်ယောင်နှင့် ဖြေလိုက်ရသည် ။ ကျော်ကတော့ စားသောက်ပြီး လက်နှင့်ပန်းကန် ထဆေးသည် ။

‘ကျောင်းက ဘယ်တော့ဝင်မှာ လဲ’

‘မနက်ဖြန်’

‘ဒီနေ့ မဝင်ဘူးလား’

‘ခွေးစုတ်ရဲ့ ၊ ဒီလောက် ခရီးပန်းလာတာ တစ်ရက်တော့ နားဦးမှပေ့ါ၊ ခုတောင် အိပ်ချင် လာပြီ’

‘အိပ်ချင်ရင် မောင်မောင့်အိပ်ရာမှာ သွားအိပ်ဗျာ၊ မမ အတွက် အခန်းပြင်လိုက်ဦးမယ်’

‘မမပါ ပြင်မယ်လေ’

‘ဟာ... သွားအိပ်ပါ၊ နော်ရဲဂျာနဲ့ ပြင်ပ့ါမယ်၊ အခန်းက ဖုန်လက်လေးသစ်နဲ့ ဗျ၊ တိုက်ရချွတ်ရဦးမှာ ’

‘ညစ်ပတ်လိုက်ကြတာ’

‘ယောကျ်ားလေးတွေချည်းပဲကိုး’

‘မဆိုင်ပါဘူး၊ ညစ်ပတ်ညစ်ပတ်တယ်ပေါ့’

‘အိမ်ပဲ၊ နေလို့ ရရင် ပြီးရောပေါ့’

‘ငပျင်းစကား မပြောနဲ့ ’

မတွေ့တာကြာပြီဖြစ်သော မောင်နှမနှစ်ယောက် စကားနိုင်လုနေကြသည် ။

‘သိပ်အေးတာပဲ’

ဂွမ်းစောင်ပုံကို မကာ ကျော်၏ အိပ်ရာထက်တွင် လဲလျောင်းရင်း ကျော့က ဆိုသည် ။ ကျော်က ပြတင်းပေါက်ကို ပိတ်လိုက်ပြီးနောက် ကျော့အား စောင်တစ်ထည် ထပ်ဖုံးပေးရင်း...

‘ဒီကို ဘာနဲ့ လာသလဲ’

ကျော့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည် ။ စောင်ထဲ မျက်နှာ တိုးဝင်ရင်း ခပ်ပေါ့ပေါ့လေသံဖြင့်..

‘လေယာဉ်နဲ့ ပေါ့ ဟ’

‘ဒါတော့ မမ ပြောမှ လား၊ သိတာပေါ့၊ ပူတာအိုက ဒီကိုဘာနဲ့ လာတာလဲ’

‘ကားကြုံနဲ့ ... အိပ်ချင်ပြီဟာ’

စောင်ထဲ မျက်နှာမြုပ်လိုက်သဖြင့်...

‘မွန်းပြီး သေနေဦးမယ်၊ အဖေ့ကို လွမ်းသလိုလိုနဲ့ ကိုယ့်အဆက် ကိုယ် လွမ်းပြီ၊ ငိုမနေနဲ့ ဦး နော်... သွားပြီ’

‘ခွေးစုတ်’

‘ခွေးစုတ်က အမြှာနော်’

ကျော့ ဆဲလိုက်သော်လည်း စောင်ပုံထဲမှ မျက်နှာ မဖော်တော့။ ကျော့ ခြေသံပျောက်ကွယ်သွားမှ အောင့်ထားသော မျက်ရည်တို့ ကို သွန်ချလိုက်သည် ။ ရင်မှာ တနင့်နင့်နှင့်ထိန်းချုပ် ထားရသော ဝေဒနာသည် မျက်ရည်နှင့်အတူ တစ်စိတ်တစ်ဒေသ ပါသွားသည် ။ အတန်ငယ်ပေါ့ပါးသွားပြီး မျက်တောင်လေးကာ အိပ်ပျော်သွားလေသည် ။

ကျော်က တံခါးဝမှ ကျော့ကို လှမ်းကြည့်ပြီး ခေါင်းခါထွက်ခဲ့သည် ။ အစ်မရင်မှာ ဝေဒနာ တစ်ရပ်တော့ ငြိတွယ်လာမှန်း သူသိသည် ။ အသံမထွက်အောင် ကျိတ်ငိုနေသော်လည်း စောင်ပုံလှုပ်ကာ ရှိုက်ငင်သံ တစ်ချက်တစ်ချက် ကြားနေရသည် ။ နောက်ဆုံး လုံးဝ ငြိမ်သက်တိတ် ဆိတ်သွားမှ သူ စိတ်အေးသွားသည် ။

‘တဖြည်းဖြည်းတော့ မေးယူရမှာ ပဲ’ ဟု စဉ်းစားရင်း နော်ရဲဂျာနှင့်အတူ ကျော့အတွက် သူ့အခန်းဘေးမှ ကပ်လျက် အခန်းကို ဆေးကြော လှည်းကျင်းပေးရသည် ။

‘မမက အပြီးနေမှာ လား အစ်ကို’

‘အေး… သူ ဒီက (အထက)မှာ တာဝန်ကျတယ်၊ အဲဒါ ပြောင်းလာတာပေါ့ကွ’

‘ဆယ်တန်းသင်လား’

‘အေး… သင်မှာ ပေါ့၊ အကဲစ်အေတီပဲ’

‘ဒါဆို ပွတာပဲ၊ ကျွန်တော့်လည်း သင်ခိုင်းရမယ်’

‘သင်ပေးမှာ ပေါ့ကွ၊ ဒါပေမဲ့ မင်းသံခမောက် ဆောင်းပြီး သင်ရလိမ့်မယ်’

‘ဘာဖြစ်လို့ လဲ’

‘အခေါက်သန်လို့ ကွ’

‘ဒေါက်’

ကျော်က ပြောပြောဆိုဆို နော်ရဲဂျာ ခေါင်းကို တစ်ချက်ခေါက်ရင်းပြောလိုက်သည် ။ နော်ရဲဂျာက ခေါင်းပွတ်ရင်း...

‘သွားပါပြီ သံခမောက်က အမြဲ ဆောင်းထားရတော့မယ်’

‘ဟား...ဟား...ဟား’

ကျော်က နော်ရဲဂျာကိုကြည့်ပြီး သဘောကျစွာရယ်လိုက်သည် ။ ကျော်တို့ မောင်နှမ နှစ်ယောက်စလုံး စိတ်လှုပ်ရှားလာလျှင် ဖြစ်ဖြစ် အသည်းယားလာလျှင် ဖြစ်ဖြစ် ခေါင်းခေါက် တတ်သည့် အကျင့်ကလေးက တူညီကြသည် ။

စိတ်ချင်းလည်း တူညီကြသည် ။ သွက်သွက်လက်လက် ပျော်ပျော်ပါးပါး နေတတ်သည် ။ တစ်ဖက်သားကိုမခံချင်အောင်လည်း စတတ် ပြောင်တတ်သည် ။

သို့သော် ကျော်နှင့်မတွေ့သည့် နှစ်နှစ်နီးပါး ကာလမှာ ကျော့ ပြောင်းလဲသွားပြီ ထင်သည် ။ ယခင်လို မလန်းဆန်း။ ထိုင်းမှိုင်းနေသည် ။ ဟန်ဆောင်ပြော၊ ဟန်ဆောင် ပြုံးနေသည် ဟု ထင်သည် ။

‘ခရီးလဲပန်း၊ လွမ်းလည်း လွမ်း ထင်ပါရဲ့ ၊ အင်းလေ... နှစ်ဆယ့်သုံးနှစ်တောင် ရှိပြီပဲ၊ လွမ်းလောက်စရာတော့ ရှိပြီထင်ပါရဲ့ ’ ကျော်က အတွေးလေးဖြင့် သံသယစိတ်ကို ဖြေဖျောက်လိုက်သည် ။ သူတောင်မှ လွမ်းလောက်စရာရှိခဲ့သည် ပဲ။ ရင်ထဲ စူးနစ်နာကျင်သွားသည် ။

'မမအတွက် အိပ်ခန်းက ဂူဘားရိပ်သာက အခန်းထက်တောင် သားနားသွားပြီ အစ်ကို'

'ဒါမှ အအေးသက်သာမှာ ၊ ရန်ကုန်သူအတွက် တို့ မချမ်းဘော အအေးဒဏ်ကို တော်တော်လန့်နေမှာ '

ကျော့အတွက် စိတ်တိုင်းကျ ပြင်ဆင်ပေးပြီး ကျော့အိပ်နေရာသို့ သွားချောင်းကြည့်သည် ။ နှစ်ခြိုက်စွာ အိပ်ပျော်နေသည် ကို မြင်ရမှ အိမ်ပြင်သို့ ထွက်ခဲ့သည် ။

နေရောင်ခြည်က နှင်းထုကို ဖောက်ခွင်းထွက်လာသည် ။ တစ်မျှော်တစ်ခေါ် မြင့်မားသော ထင်းရှူးပင် ထက်မှ နှင်းပေါက်ခဲတို့ သည် ရွက်ချွန်လေးများ အပေါ် လျှောက်ဆင်းကာ မြေနီလမ်း ထက်သို့ ကျလာသည် ။

ကြည့်၍ မရိုးနိုင်သောရှုခင်းအလှတို့ ကို ကျော့တစ်ယောက်ကော ခံစားတတ်ပါမည်လား။

***